# သေနတ်ကိုအမိန့်ပေးနိုင်ရင်
# အစိုးရဖြစ်တဲ့ခေတ်

ရဲဘော်ဖိုးသံချောင်း



# အမှာ

အရာရာဟာ ပြောင်းလဲနေတယ်ဆိုတဲ့ အတိုင်း နိုင်ငံရေးဖြစ်စဉ်တွေဟာလည်း မပြတ် ပြောင်းလဲနေပါတယ်။ ဒါပေမယ့် အပြောင်းအလဲတိုင်းဟာ သူ့အတိတ်နဲ့ ဆက်စပ်နေပါတယ်။ ရှေ့ကဟာမရှိဘဲ နောက်ကဟာ ဖြစ်မလာနိုင်ပါဘူး။ လူဆိုတာ မျောက်ဝံတွေမရှိခဲ့ဘဲ ဖြစ်ပေါ် မလာနိုင်သလို ဗမာပြည်လွတ်လပ်ရေးဟာလည်း ဆရာစံ၊ ရဲဘော်သုံးကျိပ် စတာတွေ မရှိခဲ့ဘဲ မပေါ်ပေါက်လာနိုင်ပါဘူး။ ဒီနေ့ နိုင်ငံရေးဟာ ဒီအရင်က နိုင်ငံရေးနဲ့ ဆက်နေတယ်ဆိုတာကတော့ အထူးပြောနေဖို့ တောင် မလိုပါဘူး။

ဒါနဲ့ တစ်ဆက်တည်း ပြောသင့်တာက လူတွေရဲ့ စဉ်းစားစိတ်ကူးနည်းတွေလည်း ပြောင်းတတ်တာပါ။ ဒါဟာ အခြေအနေ၊ အချိန်အခါ ပြောင်းလဲမှုနဲ့ အတူ ပြောင်းတာဆိုရင် မဆန်း ပါဘူး။ ပြောစရာ မရှိပါဘူး။ ဒါပေမဲ့ တချို့က ကိုယ့်ရပ်တည်ချက်၊ အခြေခံအတွေးအခေါ် ပြောင်းသွားတာပါ။ ဒါလည်း သူတို့ ရဲ့ အခြေအနေပြောင်းလဲမှုနဲ့ ဆက်နေတယ်လို့ ပြောရင်တော့ ရပါတယ်။ သူ့အတွက်တော့ သဘာဝ ကျတဲ့ ပြောင်းလဲခြင်းလို့ ပြောနိုင်ကောင်း ပြောနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီ အပြောင်းအလဲဟာ ဘက်ပြောင်းသွားတာ ဆိုရင်တော့ သာမန်ပြောင်းတာလို့ မဆိုနိုင် တော့ဘူး ထင်ပါတယ်။ ထည့်သွင်းစဉ်းစားစရာတွေ အများကြီး ဖြစ်လာပါတော့မယ်။ ဒီနေ့အခါမှာ အပြောများ နေတဲ့ အပြောင်းအလဲဆိုတာတွေနဲ့ နှိုင်းယှဉ်စဉ်းစားဖို့ ပါ။

ဒီတော့ ပစ္စုပ္ပန်ကို ရှုမြင်သုံးသပ်တယ်ဆိုရင် အတိတ်ကို မထည့်သွင်း မစဉ်းစားလို့ မဖြစ်ပါ ဘူး။ အတိတ်နဲ့ ဖြတ်တောက်ပြီး စဉ်းစားရင် မှားပါတယ်။ အတိတ်က သင်ခန်းစားကို မယူတတ်ရင်၊ အမှားတွေ ထပ်တလဲလဲ ဖြစ်တတ်ပါတယ်။ မှန်ပါတယ်။ သမိုင်းဆိုတာ နှစ်ခါထပ်မဖြစ်ပါဘူး။ ဒါပေမဲ့ ဒီစကားဟာ တစ်ပုံစံတည်း၊ ထပ်တူထပ်မျှ မဖြစ်ဘူးလို့ ပဲ ဆိုလိုတာလို့ နားလည်မိပါတယ်။ အလားတူကိစ္စတွေ ထပ်မဖြစ်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူး ထင်ပါတယ်။ ဒီနိုင်ငံမှာ တိုင်းပြည်ချောက်ထဲကျဖို့ လက်တစ်လုံးခြားပဲ လိုတော့တယ်လို့ အကြောင်းပြပြီး စစ်တပ်အာဏာသိမ်းတာ မျိုး ၂၆ နှစ်ခြားပြီး ထပ်ဖြစ်ခဲ့တာကို သတိထားမိကြမယ် ထင်ပါတယ်။

ဒီစာအုပ်မှာ ပါတဲ့ ဆောင်းပါးတွေဟာ ၂၁ ရာစုနှစ် အစောပိုင်းက ဆောင်းပါးတွေလို့ ဆိုနိုင် ပါတယ်။ ဒါတွေကို ဖတ်ရင်း အဲဒီ တုန်းက နိုင်ငံရေးမြင်ကွင်း၊ အဲဒီ တုန်းက စဉ်းစားနည်းတွေ၊ အဲဒီ တုန်းက ပိုင်းဖြတ်ချက်တွေကို ပြန်သတိရနိုင်မယ်လို့ ထင်ပါတယ်။ ဘယ်ဟာတွေ ပြောင်းလို့၊ ဘယ်ဟာတွေ မပြောင်းသေးဘူးဆိုတာလည်း စဉ်းစားနိုင်ပါတယ်။ ဒီအထဲက ဆောင်းပါးအများကြီး ဗညြ ဆိုတဲ့ ကလောင်နာမည်နဲ့ ကျနော် ရေးခဲ့တာတွေ ဖြစ်ပါတယ်။ မိုးကြိုး၊ ခေတ်ပြိုင်နဲ့ တခြား စာစောင်တွေ၊ ဝက်ဘ်ဆိုက်တွေမှာ ရေးခဲ့တဲ့ ကျနော့်အမြင်တွေလို့ ဆိုနိုင်ပါတယ်။ နောက်ပြီး ရဲဘော်ဖိုးသံချောင်း ဆိုတဲ့ နာမည်နဲ့ ရေးခဲ့တာတချို့လည်း ပါ, ပါတယ်။

အခုလို စာအုပ်အဖြစ် စုစုစည်းစည်း ထုတ်လာနိုင်တဲ့ အခါမှာ အရင်က ဖော်ပြပေးခဲ့တဲ့ အယ်ဒီတာတွေရော၊ အခုထုတ်ဝေသူတွေကိုရောပါ ကျေးဇူးတင်ရှိကြောင်း ဖော်ပြရမှာ ပါ။

တစ်ခုတော့ ပြောလိုပါတယ်။ ဒီဆောင်းပါးတွေကို အခုပြန်ထုတ်တာဟာ ချေးခြောက် ရေနူးတာ မဟုတ်ပါဘူး။ ခြောက်သွားတဲ့ သွေးတွေကို မမေ့ဖို့ သတိပေးချင်လို့ ဖြစ်တယ်ဆိုတာပါပဲ။

**ရဲဘော်ဖိုးသံချောင်း**

***

# ငမောက်ပတ္တမြားနဲ့ အလီဘာဘာနဲ့ ခိုးသားလေးဆယ်

ဗမာပြည်သားတစ်ယောက်အနေနဲ့ စာဖတ်တဲ့ အခါတွေမှာ ငမောက်ပတ္တမြားအကြောင်း တွေ့လိုက်တယ်ဆိုရင် အာရုံမစိုက်မိဘဲ မနေပါဘူး။ ဒီလိုနဲ့ ပါတော်မူက လာလောက်တစ်ဝိုက်က ဗီယက်နမ်-လာအို-တရုတ်-ဗမာ-အိန္ဒိယနယ်စပ်တွေမှာ လှည့်လည်ခရီးသွားရင်း မှတ်တမ်းတွေ ရေးခဲ့တဲ့ အင်္ဂလိပ်နဲ့ ပြင်သစ်လူမျိုးတွေရဲ့ စာအုပ် (အင်္ဂလိပ်လိုရေးထားတာ) လေးငါးအုပ်ကို ဆက်တိုက်ဆိုသလို ဖတ်လိုက်မိတယ်။ အဲဒီ ကာလတုန်းက အင်္ဂလိပ်နဲ့ ပြင်သစ်တို့ ဟာ ဒီဒေသ တွေမှာ ကိုလိုနီနယ်ပယ် တိုးချဲ့ဖို့ အသေအလဲ လုံးပမ်းနေကြတာဖြစ်တဲ့ အလျှောက် အဲဒီ ရည်ရွယ် ချက်နဲ့ ပဲ လူမျိုးစုတွေ အများ ဆုံးနေထိုင်ကြတဲ့ ဒီနယ်စပ်ဒေသတွေမှာ အခြေအနေအရပ်ရပ်ကို စူးစမ်းမှတ်တမ်းတင်ကြတာပါ။

ထူးခြားသလိုလိုနဲ့ မထူးခြားတာကတော့ သူတို့ ချင်း တစ်ဦးအပေါ်တစ်ဦး အင်မတန်မှ မုန်းတီးတာပါပဲ။ ပြင်သစ်သာသနာပြုတွေ၊ သုတေသနသမားတွေ ရေးတဲ့ စာအုပ်တွေထဲမှာ အင်္ဂလိပ်တွေ ဗမာပြည်ကို သိမ်းဖို့ အတွက် စိတ်သဘောထားယုတ်မာစွာနဲ့ အမှုဆင်တာ၊ မန္တလေး ကိုသိမ်းပြီးတော့ လုတာ၊ သတ်တာ၊ ဘုရားဌာပနာဖောက်တာ စတာတွေ အမြောက်အမြား တွေ့ရပါတယ်။ ဒ့ါအပြင် အင်္ဂလိပ်ကိုယ်တိုင်က ပြန်ရေးတာတွေကိုလည်း တွေ့ရလို့ ဒီဆောင်းပါးကို ရေးဖြစ်တာပါပဲ။

အခုကိုးကားချင်တဲ့ စာအုပ်က ''ကြားခံနိုင်ငံများကို ဖြတ်သန်း၍ '' ( Through the Buffer State) ''ဘော်ညိုကျွန်း (အခုအင်ဒိုနီးရှားထဲက ကျွ

န်းကြီး)၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ မလေးရှား နဲ့ မြန်မာနိုင်ငံများ အတွင်း ခရီးလှည့်လည်ခြင်း'' (Travels in Borneo, Siam, Cambodia, Malaya and Burma) ဆိုတဲ့ စာအုပ်ဖြစ်ပါတယ်။ ရေးသူဟာ ရတနာပုံမန္တလေးနဲ့ မြန်မာဘုရင် နောက်ဆုံးအုပ်ချုပ်ခဲ့တဲ့ တခြားဒေသတွေကို ပါတော်မူပြီးကာစ ၁၈၈၆ ခုနှစ်မှာ အင်္ဂလိပ်စစ်တပ် ဆရာဝန်တစ်ဦးအဖြစ်နဲ့ ရောက်ခဲ့ပြီး ၁၈၉၅ ခုနှစ်မှာ ဒီခရီးရှည်ကြီးကို ထွက်ခဲ့တဲ့ ဂျွန်မက်ဂရက်ဂါ (John Mac Gregor) ဆိုသူ ဖြစ်ပါတယ်။ ကျနော်ဖတ်ရတဲ့ စာအုပ်ဟာ ၁၉၉၄ ခုနှစ်မှာ ထိုင်းနိုင်ငံ၊ ကြာဖြူထုတ်ဝေရေး ကုမ္ပဏီကြီးက ထုတ်တဲ့ စာအုပ် ဖြစ်ပါတယ်။

ဒီစာအုပ်ထဲမှာ ပါတဲ့ ငမောက်ပတ္တမြားအကြောင်းနဲ့ ပတ်သက်တဲ့ ရေးသားကို ကျနော် တခြား ဘယ်မှာ မှ မဖတ်ဖူးလို့ တခြား ကိုယ်လို စိတ်ဝင်စားသူများ အတွက် အစားကောင်း အသောက်ကောင်း တွေ့ရတဲ့ အခါ ခွဲဝေမျှစားသလို ဘာသာပြန်ကြည့်လိုက်ပါတယ်။

စာအုပ်ရဲ့ နောက်ပိုင်း စာမျက်နှာ ၂၆၇ မှာ ပါ။

''မန္တလေးမှာ နေတဲ့ ဒီနောက်ဆုံးအကြိမ်မှာ တော့ နန်းကျလေသူ သီပေါဘုရင်ရဲ့ ရတနာနဲ့ ပတ်သက်တဲ့ ကောလာဟလတွေ အရမ်းပျံ့နှံ့ နေပါတယ်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ မန္တလေးကို သိမ်းပိုက်တဲ့ အခါမှာ နန်းတွင်းရတနာတွေကို ရွှေနန်းတော်ထဲကနေ ခိုးထုတ်သွားကြပြီး ဒီနေ့အထိ အဲဒီ ရတနာတွေ ဘာဖြစ်ကုန်တယ်ဆိုတာ မသိရတော့ပါ ဘူး။ ဒါပေမဲ့ တစ်ချိန်တည်းမှာ ပဲ ဟင့်မ်ရှိုင်းယားတပ်ရင်းက အထုတ်ခံရတဲ့ တပ်သားတစ်ယောက်ရဲ့ ရွှေနန်းတော်ကို သိမ်းပိုက်တဲ့ ညမှာ သူဟာ အဲဒီမှာ အစောင့်ကျနေပါတယ်။ အစီချီတဲ့ ဝန်ခံချက်ကို အကြီးအကျယ် ပြောဆိုနေကြပါတယ်။ သူက အဲဒီ နန်းတွင်းရတနာ တွေကို ကျဆုံးသွားပြီဖြ

စ်တဲ့ သူ့ရဲဘော်တစ်ယောက်နဲ့ အတူ ခိုးယူခဲ့ တယ်။ သူတို့ နှစ်ယောက် အဲဒီ့ ရတနာတွေကို မြေကြီးထဲမှာ မြုပ်ခဲ့ကြ တယ်။ နောက်ပြီး အဲဒီ နေရာမှာ ပဲ အထက်က ကင်းသမား ကင်းစောင့် တဲလေးတစ်လုံး ဆောက်လုပ်ပါတယ်။ ဒီလိုနဲ့ သူတို့ နှစ်ယောက်ဟာ ကိုယ်ခိုးခဲ့တဲ့ ပစ္စည်းတွေကို ပြန်မယူနိုင်ဘဲ ဖြစ်ခဲ့ရတယ်။''

နောက်တစ်ပိုဒ်မှာ ဆက်ရေးထားတာက . . .

''ဟုတ်တယ် ဆိုရင်တော့ ဒါဟာ အင်မတန်ကြီးလေးတဲ့ ပြစ်မှုပဲ။ ဒါပေမဲ့ ခိုးတယ်ဆိုတာ အဲဒီ တုန်းက ရိုးနေတဲ့ ကိစ္စပဲ။ ကျနော်ကိုယ်တိုင် စာရွက်ပေါ်မှာ ရိုက်ထားတာကို တွေ့ရတဲ့ သတင်းတစ်ခုအရဆိုရင် ကျန်တဲ့ လူတွေဟာ ဒီလူနှစ်ယောက်ထက် မညံ့ပါဘူး။ ရွှေနန်းတော်ကို ပထမဆုံး သိမ်းပိုက်တဲ့ ဗိုလ်ချုပ်နဲ့ စစ်ဦးစီးအဖွဲ့ဟာ အရေအတွက်အားဖြင့် လေးဆယ်တိတိ ရှိသတဲ့ ။ အဲဒီ အဖွဲ့ဟာ အလီဘာဘာနဲ့ ခိုးသားလေးဆယ်လို့ နာမည်ထွက်နေပါတယ်။ ဒါတွေဟာ ကောလာဟလမို့ ကားချဲ့ထားတာလည်း ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ အဲဒီ စစ်သားဟာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ဗမာပြည်ကို တစ်ခေါက်ပြန်ထွက်လာသတဲ့ ။ သူနဲ့ သွားလေသူ သူ့ရဲဘော်တို့ ဝှက်ထားတဲ့ ရတနာတွေကို ပြန်ဖော်ဖို့ ဖြစ်ပြီး သူက ၁၀ ရာခိုင်နှုန်း ရမယ်လို့ ပြောတယ်။ ဒါဟာ ဂျူတီကျနေတုန်း ခိုးမှုကျူးလွန် တဲ့ ဗြိတိသျှစစ်သားတစ်ယောက်ကို အင်မတန်ထူးခြားတဲ့ ဆုချနည်းပဲ။ တချို့ကပြောတာဆိုရင် အဲဒီ စစ်သားဟာ အခု ဒီမန္တလေးမှာ ရောက်နေပြီး ကျနော်တည်းနေတဲ့ ဟိုတယ်မှာ ပဲ တည်းနေတယ်တဲ့ ။ နောက်တော့ ဒီသတင်းဟာ ပျောက်သွားတယ်။ ဒါပေမဲ့ ဘယ်လိုပဲ ပြောပြော ဗမာဘုရင်တွေရဲ့ နန်းတွင်းရတနာတွေကတော့ ဒီနေ့အထိ စုန်းစုန်းမြုပ်

သွားတာပဲ''

ဒါဟာ ဗြိတိသျှစစ်တပ်က စစ်ဗိုလ်တစ်ယောက်ကိုယ်တိုင်က ရေးတာဆိုတော့ ကျနော့် အနေနဲ့ ဘာမှ မဖြည့်တော့ဘဲ ''ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်'' လို့ အဆုံးသတ်ပေးလိုက်ရုံသာ ရှိပါတယ်။ ထောက်ပြချင်တာတစ်ခုကတော့ ဒီနေ့လူငယ်တချို့ဟာ ဒီနေ့ခေတ်မီဒီယာတချို့ရဲ့ ပြောဆိုရေးသားချက်တွေကိုပဲ ပုံယုံပြီး အင်္ဂလိပ်ကိုလိုနီသမား (တချို့ကဆိုရင် မျက်နှာဖြူကိုလိုနီ သမားလို့ တောင် ဆိုချင်ပါတယ် ) ဟာ ကျွန်ပြုတာမှန်ပေမယ့် ယဉ်ကျေးသိမ်မွေ့တယ်။ စည်းစနစ် ရှိတယ်လို့ ထင်နေတာ မဟုတ်တဲ့ အကြောင်းပါ။ ကျနော့်မျက်လုံးထဲမှာ မထွက်နိုင်တာကတော့ မန္တလေးကျဆုံးပြီးတဲ့ နောက် သူတို့ ကိုဆက်ပြီး ပုန်ကန်တိုက်ခိုက်ကြတဲ့ ပဒေသရာဇ်ခေတ် ပြည်ချစ် တော်လှန်ရေးသမားတွေဖြစ်တဲ့ ပုဂံဗိုလ်ချိုတို့လိုလူတွေကို မသတ်ခင် တရားခံထိုင်ထိုင်ခိုင်းပြီး ရိုက်ထားတဲ့ ပုံတွေနဲ့ ပြည်မြို့ဂတ်တဲ (ရဲစခန်း) အတွင်းမှာ ဂဠုန်တပ်သားတွေကို ခေါင်းဖြတ်ပြီး လူမြင်ကွင်းမှာ စီပြထားတဲ့ ပုံပါပဲ ။

***

# ညောင်နှစ်ပင်ကျိန်စာ

ဗမာပြည်ရဲ့ နိုင်ငံရေးမိုးကောင်းကင်ဟာ အုံ့မှိုင်းနေတယ်။ ဘာမဆို ဖြစ်ပေါ်နိုင်တယ်ဆိုတဲ့ လေထုမျိုးကလည်း တသုန်သုန် တိုက်ခတ်နေတာ သတိထားမိတယ်။ ဗမာပြည်သားများ နဲ့ ဗမာပြည်အရေးကို စိတ်ဝင်စားတဲ့ နိုင်ငံခြားသားတွေဟာ နအဖရဲ့ ညောင်နှစ်ပင်ညီလာခံကို မျက်မှောင်ကုတ်ပြီး စောင့်ကြည့်နေကြတယ်။ သူတို့ ရဲ့ ဆုပ်ထားတဲ့ လက်သီးတွေထဲမှာ တော့ ချွေးစေးတွေတောင် ပြန်နေတယ်။

စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သွားရင် တိုင်းပြည်နဲ့ အမျိုးသားတွေ ဘယ့်ကလောက် နစ်နာမယ်ဆိုတာ သိသူတိုင်း ဒီအချိန်မှာ ကိုယ်ဘာလုပ်နိုင်သလဲလို့ စဉ်းစားနေ ကြတယ်။ နယ်စပ်ဒေသတွေမှာ စစ်တွေ ပြန်ဖြစ်လာဦးမလား။ အာဏာသိမ်းခွင့်ကို ဖွဲ့စည်းပုံအခြေခံအရ ပေးထားလို့ အာဏာတသိမ်းတည်းများ သိမ်းနေကြတော့မလား။ ဒီပဲယင်းထက်ဆိုးတဲ့ လုပ်ရပ်တွေ ထမင်းစားရေသောက်ကိစ္စလိုဖြစ် လာလေမလား။ စိတ်သက်သာဖွယ်ရာကတော့ ဘာမှ မမြင်ရတာအမှန်။

ဒီလိုအချိန်မှာ ပဲ ဗမာပြည်ရဲ့ နိုင်ငံရေးလောကမှာ ဘီလူးစည်း-လူစည်းလည်း ပိုကွဲလာ နေတယ်။ အဲဒါက စစ်အုပ်စုကို ဆက်လက်ဆန့်ကျင်တိုက်ပွဲဝင်သွားလိုသူတွေနဲ့ နအဖဘက်က အလျှော့ပေးဟန်ပြရုံနဲ့ ပဲ ပစ်ထောက်ခံ၊ ပစ်ပူးပေါင်းလိုက်မယ်ဆိုတဲ့ လူတွေ သိသိသာသာ ကွဲပြားလာနေတယ်။ တချို့လူတွေဆိုရင် နအဖက ကိုယ့်ကို လှည့်တောင်မကြ

ည့်တဲ့ ကြားကပဲ မျက်စ တပစ်ထဲ ပစ်ပြနေကြတယ်။ ဒီမောင်စေ့စပ်၊ မယ်စေ့စပ်တွေကတော့ ညောင်နှစ်ပင်ပြီးတော့လည်း အထည်လဲဝတ်ပြီး နောက်တစ်မျိုးနဲ့ တစ်ဖက်သတ် ပိုးကြဦးမှာ ပဲ။ မီဒီယာတချို့ဟာ ဗမာပြည်ထဲမှာ ရှိတဲ့ နအဖထောက်ခံသူ အရေအတွက် အချိုးအစားထက် အများကြီးပိုပြီး နအဖထောက်ခံသူတွေ ကို နေရာပေး ပြောခိုင်းလာတယ်။ တစ်ပြားဖိုး ရ-ရ၊ နှစ်ပြားဖိုး ရ-ရ ရသမျှနဲ့ စေ့စပ်သာ စေ့စပ် လိုက်ကြဆိုတဲ့ လမ်းစဉ်ကို မကျ, ကျအောင် ချပေးနေသလား အောက်မေ့ရတယ်။ တချို့ကဆိုရင် ဘယ်အချက်တွေက ကိုယ့်ဘက်က အလျှော့ပေးနိုင်တယ်။ ပေးသင့်တယ်လို့ တောင် ပြောနေကြ တယ်။ ရှစ်လေးလုံး ဒီဘက်အပိုင်းမှာ ဒီလိုအသံတွေကို ဘယ်တုန်းကမှ အခုလောက် ကျယ်ကျယ် လောင်လောင် မကြားဖူးဘူး။ ဒါဟာ တိုက်ဆိုင်မှုမှ ဟုတ်ရဲ့ လား၊ စဉ်းစားစရာ ဖြစ်လာတယ်။ သူတို့ ဟာ မြွေမျိုခံနေရတဲ့ မထွေးလေးကိုပဲ လျှော့မပေးကောင်းလားလို့ အပြစ်တင်နေတယ်။ တချို့ကတော့လည်း နအဖဟာ ဒီချုပ်နဲ့ မို့ မဆွေးနွေးတာ၊ တခြားလူ (ဥပမာ-ငါ) နဲ့ ဆိုရင် ဆွေးနွေး မှာ လို့ ပြောနေ၊ တင်နေတယ်။ နအဖဆီမှာ မုန့်ဆီကျော်က ရှိကို မရှိတာဆိုတာ သူမသိဘူး ထင်ပါရဲ့ ။

သူတို့ ပြောတာကို နည်းနည်းမှ နားမယောင်သူတွေထဲမှာ ထိပ်ဆုံးကပါတာ ဗမာပြည်က လူထုကြီးပဲ။ ရှင်ကြီးဝမ်းလည်း ဝင်ဖူး၊ ရှင်ငယ်ဝမ်းလည်း ဝင်ဖူးနေသူတွေပီပီ နအဖရဲ့ စကားတွေကို တစ်ခွန်းမှ နားမယောင်ဘူး။ နအဖရဲ့ သဘောထားဟာ ဘယ်သူနဲ့ မှ မစေ့စပ်ဘူးလို့ ပဲ ဖော်ပြနေ တယ်ဆိုတာ သူတို့ အတွေ့အကြုံအရ ရှင်းနေတယ်။ ဒါပေမယ့် ရသလောက်နဲ့ ကျေနပ်ချင်သူများ ကတော့ နအဖခြေလှမ်းတစ်လှမ်း လှမ်းလိုက်တိုင်း ဘာများ စေ့စပ်လို့ ရမတုန်းလို့ မှန်ဘီလူးနဲ့ ထောက်ကြည့်နေကြတယ်။ နအဖရဲ့ ပိုင်းဖြတ်ချက်ကို သူတို့ မမြင်နိုင်ကြသလိုပဲ။

နောက်တစ်ခု သူတို့ သေချာ မကြည့်မြင်နိုင်တာက ပြည်သူလူထုကြီးရဲ့ အခြေအနေပဲ။ ဒါကို သူတို့ မသိတာလား၊ သိရက်နဲ့ တန်ဖိုးမထားတာလား။ သူတို့ ကိုယ်တိုင်မှ သိတော့မယ်။ ဒါပေမဲ့ လူထုကြီးရဲ့ စိတ်ဓာတ်ကို နအဖဗိုလ်ချုပ်တွေ ကောင်းကောင်း သိတယ်။ ဒါကြောင့်လည်း သူတို့ ဟာ အဲဒီ လို ခွေးကတက် က ခစားပိုင်ခွင့် တောင်းနေသူတွေကို လုံးဝဂရုမစိုက်၊ မသိချင်ယောင် ဆောင်နေတာပဲ။

စစ်ဗိုလ်ချုပ်တွေအဖို့ လည်း အခု သူတို့ ရွေးထားတဲ့ လမ်းကလွဲပြီး တခြားလိုက်စရာမရှိဘူး ဆိုတာ မမေ့ဖို့ လိုတယ်။ သူတို့ လက်ရှိခံစားနေရတဲ့ စည်းစိမ်ဥစ္စာ၊ သူတို့ သားမြေးမြစ်တွေအတွက် သူကြွယ်ဘဝ အာမခံချက် စတာ အားလုံးဟာ အာဏာနဲ့ တိုက်ရိုက်ဆက်နေတယ်။ အာဏာ လက်ထဲ မရှိရင် ဒါတွေအားလုံး ပျောက်သွားမယ်လို့ သူတို့ တွက်ထားပြီးသား ဖြစ်တယ်။ ဒါကြောင့် သူတို့ ဟာ သေမြေကြီး ရှင်ရွှေထီး လုပ်နေတာဖြစ်တယ်။ တစ်ဆက်တည်းမှာ ဒီတစ်ပွဲအတွက် ဘက်စုံပြင်ဆင်နေတာပဲ။ ရပ်ကွက်ထဲက လူမိုက်လူဆိုးတွေကို တရားဝင်အဖွဲ့အစည်းဖြစ်အောင် ဖွဲ့ပေးတယ်။ အခွင့်အာဏာနဲ့ လက်နက်တပ်ဆင်ပေးတယ်။ လေ့ကျင့်ပေးတယ်။ ဒီပဲယင်းလို အရေးအခင်းတွေမှာ လက်တွေ့ဆင်းခိုင်းတယ်။ ၈၈ ကျောင်းသားတွေ လူအင်အား ၄-၅ ရာလောက်နဲ့ ရွှေတိဂုံဘုရားပေါ်တက်မှာ ကို အင်အားထောင်သောင်းပြပြီး ခြိမ်းခြောက်တယ်။ နောက်ပြီး သူတို့ ရဲ့ ကောလာဟလ စက်ရုံတွေကလည်း ထုံးစံအတိုင်း ကောလာဟလတွေ အမျိုးမျိုး ထုတ်လွှင့်နေတယ်။ ဘယ်မှာ ငြိမ်ဖို့ အင်မတန်ရက်စက်တဲ့ အမည်မသိ တပ်ဖွဲ့တစ်ဖွဲ့ သွားလာနေတယ်။ ဘယ်မှာ ဖြင့် အမည်မသိလူတွေ ရက်ရက်စက်စက် အသတ်ခံရထားတာ တွေ့ရတယ်ဆိုတာမျိုးတွေနဲ့ လူတွေကို ချောက်ချားအောင် လုပ်ထားတယ်။ နိုင်ငံရေးရှုပ်ထွေးစေ မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ သူတို့ မွေးထား

တဲ့ ခြံထဲက လူမျိုးစုံကို ပွဲထုတ်၊ သဘောထားတွေ လွှင့်ခိုင်းတယ်။ (ရလဒ်ကတော့ လူထုကြားမှာ အဲဒီ လူတွေရဲ့ မရိုးသားမှုပဲ ပွင့်ကျသွားတယ်။)

ဒီလိုတိုင်းပြည်အတွက် အဆုံးအဖြတ်ကာလမှာ ကိုယ့်အရောင်အသွေးမှန်တွေ ဖော်ပြလာ တာ မဆန်းဘူး။ ဖော်လည်း ဖော်ပြကြရတော့မယ်။ ကွဲထွက်မှုတွေ၊ ပေါင်းစည်းမှုတွေအထိ ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ နိုင်ငံရေးဆိုတာ အရေးကြီးတဲ့ အကွေ့တစ်ကွေ့ရောက်ရင် နိုင်ငံရေး သမားတိုင်း မရှောင်မလွှဲသာဘဲ ကိုယ့်ရပ်တည်ချက်ကို ဖော်ပြရတာ မျိုး ဖြစ်တတ်တယ်။ အဲဒီ လို အခါမျိုးမှာ ဘယ်သူမှ ယီးတီးယားတား လုပ်လို့ မရဘူး။ အတိအကျ အဖြေပေးကြရတယ်။ ဗန်းမော် တင်အောင်ပြောတဲ့ ''လူတစ်ယောက်ရဲ့ တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူ ဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာ ပဲ'' ဆိုတာ ဒါကိုပြောတာ။

ဒီစကားဟာ လူတစ်ယောက်မှ မဟုတ်ပါဘူး။ အဖွဲ့အစည်းတစ်ခုနဲ့လည်း ဆိုင်ပါတယ်။ အခု ဒီချုပ်ဟာ ဒီတစ်ကွေ့မှာ သူ့ကို ပြည်သူလူထုက ပုံအပ်ထားတဲ့ တာဝန်ကို ထမ်းဆောင်နိုင်မလား။ မထမ်းဆောင်နိုင်ဘူးလားဆိုတာ ဖော်ပြရတော့မယ်။ နအဖနဲ့ ထိပ်တိုက်မတွေ့ချင်ပေမယ့် နအဖ မကြိုက်တာကိုတော့ အတိအလင်း ပြောရတော့မယ်။ ဒီညောင်နှစ်ပင်က ချမှတ်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေအပေါ် ဘယ်လိုမြင်တယ်၊ နအဖက ''လူထုဆန္ဒခံယူပွဲ'' လုပ်လာရင် လူထုကို ဘယ်လိုလှုံ့ဆော်မယ်စတာတွေ ပြောပြရတော့မယ်။ ယုန်ကလေး နှာစေးနေလို့ မရတော့ဘူး။ လူထုကတော့ ရှေ့ကို တိုးတော့မှာ ။ သူတို့ က လမ်းမှန်ပြနိုင်ဖို့ လိုတယ်။ လမ်းမှန်လည်း မပြနိုင်၊ ရှေ့မှာ လည်း ပိတ်ဆို့နေမယ် ဆိုရင်တော့ ကိုယ့်တာဝန်ကိုယ် ယူပေတော့ပဲ။

တကယ်က ဒီအချိန်မှာ ငြိမ်းအဖွဲ့တော်တော်များများ တောင်မှ အားဖြည့်တာ၊ ပြင်ဆင်တာ တွေ လုပ်နေတယ် ကြားတယ်။ ဒီချုပ်လည်း ကိုယ့်တပ်ဖွဲ့ကို အနည်းဆုံး အတွေးအခေါ်အရ ပြင်ဆင်တာတော့ လုပ်သင့်ပြီ။

ကျန်စစ်အစိုးရကို ဆန့်ကျင်သူများအားလုံးလည်း အတိုက်အခံများ အချင်းချင်း အနည်းဆုံး ကိုယ့်အချင်းချင်း သွေးစည်းကြောင်းတော့ ဖော်ပြဖို့ လိုပြီ။

***